# ပဋိသန္ဓေအခါ ပဝတ္တိအခါ

ပဋိသန္ဓေစိတ် စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ဘဝတစ်ခု၌ ပထမဆုံး ဖြစ်ရာ အခါ (ဥပါဒ်ခဏ) ကို ပဋိသန္ဓေအခါ - ဟုခေါ်သည်။

ထိုပထမဆုံးဖြစ်သော ပဋိသန္ဓေစိတ် စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ဌီခဏမှ စ၍ စုတိမကျမီကာလကို ပဝတ္တိအခါ - ဟုခေါ်သည်။

## ရှု - ဂဗ္ဘသေယျက ဖြစ်စဉ်

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော၊
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိစ။

## ကလေးငယ်များ၏ စိတ်နေစိတ်ထား

အဆင်းပုံသဏ္ဌာန်သာမက မိဘတို့၏ စိတ်နေစိတ်ထား သတ္တိဗျတ္တိ အကြံဉာဏ်များလည်း သားသမီးတို့၌ ကူးစက်ပြန့်ပွားတတ်၏၊ ဗီဇဓာတ်များ၏ ကူးစက်ခြင်းမှာ ပဋိသန္ဓေတည်စဉ်က မိဘတို့၏ စိတ္တပစ္စယ ဥတုဇရုပ်များ ကူးစက်ခြင်းကြောင့်လည်း ဖြစ်နိုင်၏၊ မွေးဖွားပြီးနောက် မိဘတို့၏ စိတ်နေစိတ်ထား အပြုအမူများကို တွေ့မြင်ရဖူးများခြင်းကြောင့်လည်း ဖြစ်နိုင်၏။